ပထမအကြိမ်ပုံနှိပ်ခြင်းမှ စာရေးသူ၏ မြဝတီစာတည်းအဖွဲ့သို့ ပေးစာ

သို့

ကိုအုန်းကျော်
မြဝတီစာတည်းအဖွဲ့

နေ့စွဲ။ ၂၈-၄-၅၈

သူငယ်ချင်း ဖိုးအုန်းကျော် အခု ပို့လိုက်တဲ့ 'ညီမလေးရယ် စိုးရိမ်မိတယ်' ဝတ္ထုရှည်ဟာ မြဝတီမှာ ကိုယ် ရေးခဲ့တဲ့ 'မုန်းရစ်လေဦး'ရဲ့ ဂယက်က ပေါက်ဖွားလာတာပါပဲ။ 'မုန်းရစ်လေဦး'ရဲ့ မလွဲမရှောင်သာသော နောက်ဆက်တွဲ လို့လည်း ဆိုနိုင်တာပေါ့လေ။ သူငယ်ချင်းတို့ စာတည်းအဖွဲ့က ကြိုတင်ပြောခဲ့သလိုပဲ 'မုန်းရစ်လေဦး'ဟာ ရန်ကုန်တက္ကသိုလ်နဲ့ မန္တလေးတက္ကသိုလ်ရယ်၊ အပြင်ပက ဆိုရင်လည်း ပညာတတ် လူငယ်ပိုင်းတွေဆီက တုံ့ပြန်မှု လှိုင်းဂယက်တွေ တော်တော်ထခဲ့တယ်။ ပေးစာတွေလည်း တော်တော်ပဲ ရခဲ့ပါတယ်။ တုံ့ပြန်မှု အထွေထွေဟာ မျှော်လင့်တာထက် ပိုပြီး ကျေနပ်စရာ တွေ့ခဲ့တယ်။ အချို့သော အပိုင်းတွေက ကိုယ့်ကို ဆဲမယ် ထင်တာ၊ မဆဲဘဲ လက်ခံကြတာ လှမ်းဆွေးနွေးကြတာတွေ တွေ့ရလို့ ဝမ်းသာအားတက်မိတယ်။

ဒါပေမဲ့ အားလုံးရဲ့ မကျေနပ်မှုတစ်ခုက ညီခဲ့တယ်။ 'မုန်းရစ်လေဦး' ဟာ တိုလွန်းတယ်၊ အဲဒီအထဲက (၁) မှာက်စ်ဝါဒနဲ့ ပတ်သက်တဲ့ ဝေဖန်ချက်၊ (၂) ဘာသာရေးနဲ့ ပတ်သက်တဲ့ ဆွေးနွေးခန်း၊ (၃) ဖီလိုဆိုဖီရေးရာ၊



(၄) နိုင်ငံရေးရာဝိဇ္ဇာပညာ၊ အဲဒါတွေကို ဒီထက် ပြည့်စုံအောင် နောက်ထပ် ဝတ္ထုရှည်တစ်ပုဒ် ရေးဖို့ တိုက်တွန်းကြတယ်။ ကိုယ့်အနေနဲ့လည်း ဝတ္ထုရေးရှိတယ်လို့ ထင်မြင်မိလို့ 'ညီမလေးရယ် စိုးရိမ်မိတယ်' ကို ရေးရခြင်း ဖြစ်တယ်။

'ညီမလေးရယ် စိုးရိမ်မိတယ်'ကတော့ ပညာတတ်လူတန်းစား လူငယ်တွေအတွက် သက်သက်ရည်စူးပြီး ရေးလိုက်တာပါပဲ။ ရန်ကင်းနဲ့ ထီးတန်းတက္ကသိုလ်တွေ မပေါ်သေးတဲ့ ၁၉၅၃-၅၄ ခုနှစ် ရန်ကုန်တက္ကသိုလ်ကို နောက်ခံထား ရေးထားတာပါပဲ။ တကယ် ဖြစ်ခဲ့ကြတာ တော်တော်များများကို အခြေခံထားတာပါပဲ။ ဒီဝတ္ထုရေးဖို့ တစ်လကျော် ကိုယ် စာတော်တော်များများ ဖတ်လိုက်ရတယ်။ မောင်ရင်တို့ မြဝတီမဂ္ဂဇင်းဟာ အပျင်းပြေဖတ်စရာ မဂ္ဂဇင်း မဟုတ်လို့ ကိုယ်လည်း အပျင်းပြေဝတ္ထုတွေတော့ မရေးချင်ဘူး။ စကားပြောချင်လို့ စာရေးတာမို့ ကိုယ့်ဇာတ်လိုက်တွေဟာ စကားတော့ တော်တော်ပြောကြမှာပါပဲ။ ပြောချင်တာတွေ များလို့ သာမန်ဝတ္ထုရှည်တွေထက် စာမျက်နှာ များသွားလိမ့်မယ် ထင်တယ်။ ကိုယ့်လက်ရေးက စိပ်တော့ မြဝတီစာမျက်နှာနဲ့ဆိုရင် အတော်ထွက်လိမ့်မယ်။ မဂ္ဂဇင်းထဲမှာ တစ်လတည်း အစ အဆုံး ထည့်နိုင်၊ မထည့်နိုင် ဆိုတာတော့ မောင်ရင်တို့ စာတည်းအဖွဲ့ရဲ့ သဘောပါပဲလေ။

*မေတ္တာရှည်လျက်...*

*သူငယ်ချင်းရဲ့*
*ခင်မောင်တင့်*

*မှတ်ချက် ။ ။ စာရေးဆရာ တက္ကသိုလ်ဘုန်းနိုင်၏ အမည်ရင်းနှင့် နေရပ်မှာ ဦးခင်မောင်တင့် (လက်ထောက်ကထိက၊ စိတ္တဗေဒဌာန၊ မန္တလေးတက္ကသိုလ်၊ မန္တလေးမြို့) ဖြစ်ပါသည်။*

*မြဝတီ*

## တတိယအကြိမ် ပုံနှိပ်ခြင်းမှ

## အမှာ

စင်စစ်ဆိုသော် ဤတတိယနှိပ်ခြင်း ဖြစ်သည့် 'ညီမလေးရယ် စိုးရိမ်မိတယ်' ဝတ္ထုရှည်ကြီးအတွက် ကျွန်တော့်အနေနှင့် အမှာစာ ထပ်မံရေးသားရန် လိုအပ်ပါသေး၏လော မသိ။ စကားပြောလို၍ စာရေးခဲ့ရသူ ကျွန်တော့်အတွက်မူ ပြည်သူနှင့် စာဖတ်ပရိသတ်တို့ကို 'ညီမလေးရယ် စိုးရိမ်မိတယ်' ဝတ္ထုဖြင့်ပင် ပြောပြချင်သမျှကို တင်ပြထားပြီးသည်မို့ မှာဖွယ်တို့ ကုန်၍ ရေးဖွယ်တို့ ခုံနေပြီ ထင်ပါ၏။

အမှာဝယ် အထူးရေးရမည်ဆိုလျှင် 'ညီမလေးရယ် စိုးရိမ်မိတယ်' ဝတ္ထုကြီး၏ လှိုင်းဂယက်တို့ တုံ့ပြန်ရိုက်ခတ်လာသဖြင့် ခံစားအပ်ရသော ကျွန်တော့်ရင်နှလုံးမှ မဆုံးနိုင်သော ဝေဒနာတေးကိုသာ ဖွဲ့နွဲ့ပြရမည်ကဲ့သို့ ရှိနေသည်။

လူ့ဘဝကို သမုဒ္ဒယ ချည်တိုင်နှောင်၍ မဟီဘောင်ရှည်သမျှ နွံလိုရသူ တစ်ဦးအနေနှင့် 'ကမ္ဘာကုန်ကျယ်သရွေ့ဝယ်' သာယာစိုပြည် ငြိမ်းချမ်းလေသော လူနေမှုစနစ်တစ်ရပ် ဖွားသစ် နိုင်တည်လာမည့် အရေးကို မျှော်တွေးပါသည်။ ဤမျှော်မှန်းချက် ပန်းမာလာသည် ပွင့်လန်းလာရန်မှာ ပမာဆိုလျှင် မိုးကျ၍ ရေအောင်ပါမှ ပျိုးညှန့်တို့ ထူထောင်လာမည်ကို တွက်ဆ၍ ကြိုးပမ်းရသည့် လယ်သူ၊ လုပ်သား၏ စေတနာနှင့် လုပ်ငန်းမျိုး လိုပေသည်။



လာမည့်ခေတ်ဝယ် တိုင်းပြုပြည်ပြုမည့် 'လူငယ် လူကောင်းလေး' များကိုသာ ယုံကြည်အားထားမိသည်။ သင်းကလေးတို့ကိုပင် ပျိုးပင်ပျိုးအဖြစ် ရည်ညွှန်းသည်။ 'ညီမလေးရယ် စိုးရိမ်မိတယ်' ဝတ္ထုကြီးမှာ လယ်သူ လုပ်သား၊ ကျွန်တော်၏ ရေအောင်ရန် ကူလေသော ပိုးပမာသာ ဖြစ်ပါ၏။

ဤဝတ္ထုကြီးကို ရေးမိ၍ အချို့သော အဖွဲ့အစည်း လူနည်းစုတစ်သိုက်က ကျွန်တော့်အား ပုဂ္ဂိုလ်အရ အရှက်တကွဲ အကျိုးနည်းစေရန် လည်းကောင်း၊ မသိ နားမလည်သူတို့ အထင်လွဲ မုန်းတီးလာရန် လည်းကောင်း၊ ဇွပ်စွဲလုပ်ကြံလာကြရုံနှင့် အားမရ။ အသက်ကိုပင် ခြိမ်းခြောက်သော လျှို့ဝှက်စာပစ်ခြင်း အမှုတို့ပါ လုပ်လာကြသည်။ ရိုးသားသော ယုံကြည်မှု စေတနာတစ်ရပ်ကြောင့် ကျွန်တော့်ရင်၌ အသည်းနှင့်ဖွယ် ဝေဒနာတို့ကို ခံစားခဲ့ရသည်။

မည်သို့ရှိစေ... ဆိုရေးရှိက ဆိုရမည်မှာ ကိုယ့်ဝန်ကိုယ် ကျေလိုသော စာပေဝန်ထမ်းတို့၏ ဓမ္မတာသာတည်း။

မေတ္တာခြုံသော သဗ္ဗာတရား၏ အစွမ်းဟုန်မှာ ယခု တတိယနှိပ်ခြင်းအထိ အောင်မြင်ခဲ့၍ လုံးချင်းဝတ္ထုသမိုင်းတွင် စံချိန်သစ် စတင်ထူခဲ့သည့် 'ညီမလေးရယ် စိုးရိမ်မိတယ်' ဝတ္ထုကြီးက သက်သေပြခဲ့ပေပြီ။ စာတစ်တန် လူတစ်တန် ဆက်သွယ် ဆွေးနွေး အားပေးကြသော လူကြီး လူငယ်၊ ကျောင်းသားမိဘ၊ လူတန်းစား အသီးသီးမှ ပြည်သူအပေါင်းအား ဤအမှာစာဖြင့် ဝဏ်ပြုတုံ့ပြန် ကျေးဇူးစကား ဆိုပါသည်။

နှစ်ဆယ်ရာစုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လူငယ်အပေါင်းတို့ ခေတ်ဟောင်း အမှောင်စင်ကာ အမြင်သစ်နှင့် မိမိတို့၏ ကိုယ်ပိုင်ခေတ်ကောင်းကို ပြောင်းလဲထူထောင်နိုင်ကြပါစေသတည်း။

**ဘုန်းနိုင်**
**(၈-၈-၆၁)**